# **Respiratory Syncytial Virus** (RSV)
# ကြိုတင်ကာကွယ်မှု ပဋိပစ္စည်း-
## *သင်သိထားရမည့် အကြောင်းအရာများ*

## RSV ကာကွယ်ရေး ပဋိပစ္စည်းဖြင့် အဘယ်ကြောင့် ကာကွယ်ဆေးထိုးရသနည်း။

Respiratory Syncytial Virus (RSV) ကြိုတင်ကာကွယ်သည့် ပဋိပစ္စည်းသည် RSV ကြောင့် ပြင်းထန်သော အဆုတ်ရောဂါကို ကာကွယ်နိုင်သည်။

RSV သည် အပျော့စား အအေးမိခြင်းကဲ့သို့ ရောဂါလက္ခဏာများသာမက အဆုတ်ကိုလည်းထိခိုက်မှု ဖြစ်ပွားစေသည့် အတွေ့များသော အသက်ရှူလမ်းကြောင်း ဗိုင်းရပ်စ်တစ်မျိုး ဖြစ်သည်။ RSV ကူးစက်မှု၏ ရောဂါလက္ခဏာများတွင် နှာရည်ယိုခြင်း၊ အစာစားချင်စိတ်လျော့နည်းခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ ကိုယ်ပူခြင်း သို့မဟုတ် ရှုံ့ထခြင်းတို့ ပါဝင်နိုင်ပါသည်။

မည်သူမဆို RSV ကူးစက်ခံရနိုင်ပြီး ကလေးအားလုံးနီးပါးသည် အသက် 2 နှစ်တွင် RSV ကူးစက်ခံရနိုင်သည်။ ကလေးငယ်အများစုသည် ရက်သတ္တပတ် သို့မဟုတ် နှစ်ပတ်အတွင်း RSV မှ ပြန်လည်သက်သာလာသော်လည်း RSV ရောဂါပိုးသည် မွေးကင်းစကလေးများနှင့် အချို့သောကလေးငယ်များအတွက် အသက်ရှူရခက်ခဲခြင်း၊ အောက်ဆီဂျင်ပါဝင်မှုနည်းခြင်းနှင့် ရေဓာတ်ခန်းခြောက်ခြင်းတို့ကို ဖြစ်စေနိုင်သည့် အန္တရာယ်ရှိသည်။ United States တွင် RSV သည် အသက် 1 နှစ်အောက်ကလေးများ၌ ဘရိုခိုင်းတစ်စ်(အဆုတ်အတွင်းရှိ လေပြွန်ငယ်များရောင်ခြင်း) နှင့် နမိုးနီးယား (အဆုတ်ပိုးဝင်ခြင်း) ၏ အဖြစ်အများဆုံးအကြောင်းရင်းဖြစ်သည်။ RSV ကြောင့် အပြင်းဖျားနာသော ကလေးများသည် ဆေးရုံတက်ရန် လိုအပ်ပြီး အချို့မှာ အသက်ပင် သေဆုံးနိုင်သည်။

## RSV ကြိုတင်ကာကွယ်မှု ပဋိပစ္စည်း-

RSV ကြိုတင်ကာကွယ်ရေး ပဋိပစ္စည်း (အမည်ရင်း Nirsevimab၊ ကုန်သွယ်မှုအမည် Beyfortus) သည် မွေးကင်းစကလေးများနှင့် ကလေးငယ်များတွင် ပြင်းထန်သော RSV ရောဂါကို ကာကွယ်ပေးသည့် ထိုးဆေးဖြစ်ပါသည်။ ပဋိပစ္စည်းများသည် အန္တရာယ်ရှိသော ပိုးမွှားများကို တိုက်ထုတ်ရန်အတွက် ခန္ဓာကိုယ်၏ ခုခံအားစနစ်မှ အသုံးပြုသော ပရိုတင်းများဖြစ်သည်။ သမားရိုးကျ ကာကွယ်ဆေးများကဲ့သို့ပင်၊ ကြိုတင်ကာကွယ်သည့် ပဋိပစ္စည်းများသည် အချို့တိကျသော ရောဂါပိုးမွှားများကို ခုခံကာကွယ်ပေးသည့် ကာကွယ်ဆေးများဖြစ်သည်။ နှစ်မျိုးလုံးသည် ကာကွယ်ဆေးများဖြစ်သော်လည်း ခုခံအားပေးပုံမှာ မတူညီပါ။ Nirsevimab သည် လက်ခံသူထံသို့ တိုက်ရိုက် ပဋိပစ္စည်းများ ပေးသည့် ကာကွယ်ဆေးဖြစ်သည်။ သမားရိုးကျ ကာကွယ်ဆေးများသည် ပဋိပစ္စည်းထုတ်လုပ်ရန် လက်ခံသူ၏ ကိုယ်ခံအားစနစ်ကို လှုံ့ဆော်ပေးသော ကာကွယ်ဆေးများဖြစ်သည်။

RSV ရာသီအတွင်း မွေးဖွားသော ကလေးငယ်များ (ပုံမှန်အားဖြင့် ဆောင်းဦးပေါက်မှ နွေဦးပေါက်အတွင်း) သည် မွေးပြီး 1 ပတ်အတွင်း RSV ကာကွယ်ဆေးကို တစ်ကြိမ်ထိုးသင့်သည်။ RSV ကာကွယ်ဆေးထိုးထားသောမိခင်များ၏ မွေးကင်းစကလေးအများစုမှာလည်း Nirsevimab ထိုးရန်မလိုအပ်ပါ။ နှစ်မျိုးလုံးသည် မိခင်မှ မွေးကင်းစကလေးသို့ သို့မဟုတ် မွေးကင်းစကလေးထံသို့ တိုက်ရိုက်ပဋိပစ္စည်းများ ပံ့ပိုးပေးခြင်းဖြင့် ပြင်းထန်သော RSV မဖြစ်အောင် မွေးကင်းစကလေးများကို ကာကွယ်ပေးပါသည်။ မွေးကင်းစကလေးအများစုသည် RSV ကာကွယ်ဆေးထိုးထားသော မိခင် သို့မဟုတ် Nirsevimab မှ (နှစ်ခုလုံးမလိုအပ်ပါ) အကာအကွယ် လိုအပ်နိုင်ဖွယ်ရှိသည်။ သို့သော်လည်း မိခင်သည် RSV ကာကွယ်ဆေးကို လက်ခံရရှိပြီးနောက် မွေးကင်းစကလေးအတွက် Nirsevimab ကို အကြံပြုမည့် အခြေအနေအချို့ ရှိနိုင်ပါသည်။

RSV ရာသီချိန်မဟုတ်သောအချိန်၌ မွေးဖွားသော 8 လအောက်ကလေးငယ်များသည် RSV ကာကွယ်ဆေးထိုးခြင်းကို ၎င်းတို့၏ပထမ RSV ရာသီ (ပုံမှန်အားဖြင့် ဆောင်းဦးပေါက်ချိန်) မရောက်ခင် အခိုက်အတွင်း ကာကွယ်ဆေး တစ်ကြိမ်ထိုးသင့်သော်လည်း ဆေးမထိုးရသေးသော 8 လအောက် ကလေးငယ်များသည် ရာသီအတွင်း အချိန်မရွေး ဆေးထိုးနိုင်ပါသည်။

ပြင်းထန် RSV ရောဂါ ဖြစ်နိုင်ခြေ ပိုများသည့် အချို့သော မွေးကင်းစကလေးများနှင့် ကလေးငယ်များသည် ၎င်းတို့၏ ဒုတိယ RSV ရာသီမတိုင်မီ သို့မဟုတ် ၎င်းတို့၏ ဒုတိယ RSV ရာသီအတွင်း RSV ပဋိပစ္စည်းကို တစ်ကြိမ် လိုအပ်နိုင်ပါသည်။

မွေးကင်းစကလေးငယ်များနှင့် ကလေးငယ်များအတွက် ပုံမှန်အကြံပြုထားသော ကာကွယ်ဆေးများအတိုင်း RSV ကာကွယ်ရေး ပဋိပစ္စည်းများကို တချိန်တည်း ပေးနိုင်ပါသည်။



U.S. Department of Health and Human Services
Centers for Disease Control and Prevention

## သင်၏ ကျန်းမာရေး စောင့်ရှောက်မှုပေးသူနှင့် ပြောဆိုဆွေးနွေးပါ

ကာကွယ်ရေး ပဋိပစ္စည်း ရရှိသူတွင် အောက်ပါအချက်များ ရှိနေပါက သင့်ကျန်းမာရေးစောင့်ရှောက်မှုပေးသူကို ပြောပြပါ။

- RSV ကာကွယ်ရေး ပဋိပစ္စည်း (Nirsevimab) သို့မဟုတ် ၎င်း၏ အစိတ်အပိုင်းတစ်ခုခုနှင့် ပြင်းထန်သော ဓာတ်မတည့်မှု မှတ်တမ်းရှိခြင်း
- သွေးမတိတ်ရောဂါရှိခြင်း သို့မဟုတ်
- အလယ်အလတ် သို့မဟုတ် ပြင်းထန်သော အပြင်းဖျားရောဂါရှိခြင်း။

အချို့သော ဖြစ်ရပ်များတွင် သင့်ကလေး၏ ကျန်းမာရေး စောင့်ရှောက်သူသည် RSV ကာကွယ်ရေးပဋိပစ္စည်း ထိုးမှုကို နောက်တစ်ကြိမ်ဆေးခန်းလာသည်အထိ ရွှေ့ဆိုင်းရန် ဆုံးဖြတ်နိုင်သည်။

အအေးမိခြင်းကဲ့သို့သော အသေးစားဖျားနာသူများသည် RSV ကာကွယ်ရေး ပဋိပစ္စည်းကို ဘေးကင်းစွာ လက်ခံရရှိနိုင်ပါသည်။ အသင့်အတင့် သို့မဟုတ် အပြင်းအထန် နေမကောင်းသူများသည် နေပြန်ကောင်းလာသည်အထိ စောင့်သင့်သည်။

သင်၏ ကျန်းမာရေးစောင့်ရှောက်ပေးသူသည် သင့်အား နောက်ထပ် အချက်အလက်များ ပေးအပ်နိုင်ပါသည်။

## RSV ကာကွယ်ရေး ပဋိပစ္စည်းများအား ဓါတ်တုံ့ပြန်မှု အန္တရာယ်များ

RSV ကာကွယ်ရေး ပဋိပစ္စည်းကို ရရှိပြီးနောက်၊ သင့်ကလေးသည် ဆေးထိုးထားသည့်နေရာတွင် ယာယီ နာကျင်ခြင်း၊ နီခြင်း၊ ရောင်ရမ်းခြင်း သို့မဟုတ် အဖုများ ပေါက်ခြင်း ဖြစ်နိုင်သည်။

အခြားသောဆေးဝါးများကဲ့သို့ပင် RSV ကာကွယ်ဆေးကြောင့် ပြင်းထန်သောဓာတ်မတည့်ခြင်း တုံ့ပြန်မှု၊ ပြင်းထန်သော ဒဏ်ရာ သို့မဟုတ် သေဆုံးခြင်းတို့ ဖြစ်နိုင်ခြေမှာ အလွန့်အလွန်နည်းပါးသည်။

ဆေးရုံ သို့မဟုတ် ဆေးခန်းမှ သင့် ကလေးထွက်ခွာပြီးနောက်တွင် ဓါတ်မတည့်သည် တုံ့ပြန်မှုတစ်ခု ရရှိနိုင်သည်။ သင်သည် ပြင်းထန်သော ဓါတ်မတည့် တုံ့ပြန်မှု လက္ခဏာများ (ဥပမာ အနီပြင်ထခြင်း၊ မျက်နှာနှင့် လည်ပင်းများ ဖောင်းလာခြင်း၊ အသက်ရှူမြန်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ ခေါင်းမူးခြင်း သို့မဟုတ် အားမရှိခြင်း) မြင်တွေ့ပါက 9-1-1ကို ခေါ်ပြီး သင့်ကလေးကို အနီးဆုံး ဆေးရုံသို့ ပို့ပါ။

သင်စိုးရိမ်ရသည့် အခြားလက္ခဏာများတွေ့ပါက သင့်ကျန်းမာရေးစောင့်ရှောက်မှုပေးသူကို ဖုန်းဆက်ပါ။

## ပြင်းထန်သော ပြဿနာတစ်ခု ဖြစ်ပေါ်လာခဲ့လျှင် မည်သို့ ဆောင်ရွက်ရမည်နည်း။

အကယ်၍ သင့်ကလေးသည် တစ်ချိန်တည်းတွင် ကာကွယ်ဆေးမထိုးဘဲ RSV ကာကွယ်ရေး ပဋိပစ္စည်း ရရှိထားပြီး ဆိုးရွားသော တုံ့ပြန်မှုရှိသည်ဟု သင်သံသယရှိပါက သင် သို့မဟုတ် သင့်ကျန်းမာရေးစောင့်ရှောက်မှုပေးသူသည် https://www.fda.gov/medwatch မှတစ်ဆင့် သို့မဟုတ် ဖုန်းဖြင့် 1-800-FDA-1088 မှတစ်ဆင့် သတင်းပို့ချက်ကို တင်ပြနိုင်ပါသည်။

အကယ်၍ သင့်ကလေးသည် RSV ကာကွယ်ရေး ပဋိပစ္စည်းနှင့် ကာကွယ်ဆေးကို တစ်ချိန်တည်းတွင် ရရှိထားပြီး ဆိုးရွားသော တုံ့ပြန်မှုရှိသည်ဟု သင်သံသယရှိပါက သင် သို့မဟုတ် သင့်ကျန်းမာရေးစောင့်ရှောက်မှုပေးသူမှ ထိုအကြောင်းကို Vaccine Adverse Event Reporting System (VAERS) https://vaers.hhs.gov/ မှဖြစ်စေ 1-800-822-7967 သို့ခေါ်ဆို၍ဖြစ်စေ အသိပေးအကြောင်းကြားသင့်ပါသည်။ သင့်အသိပေးမှုတွင် သင့်ကလေးသည် ကာကွယ်ဆေးနှင့်အတူ RSV ကာကွယ်ဆေးထိုးထားကြောင်း မှတ်ချက်ပြုပေးပါ။

မှတ်ချက်- MedWatch နှင့် VAERS တို့သည် တုံ့ပြန်မှုများကို သတင်းပို့ရန်အတွက်သာဖြစ်သည်။ MedWatch နှင့် VAERS ဝန်ထမ်းအဖွဲ့ဝင်များသည် ဆေးဘက်ဆိုင်ရာအကြံဉာဏ်ကိုမပေးပါ။

## ဘယ်လိုမျိုး နောက်ထပ် လေ့လာနိုင်သလဲ။

- သင့်ကျန်းမာရေး စောင့်ရှောက်ပေးသူထံ မေးမြန်းပါ။
- သင်၏ ဒေသန္တရ သို့မဟုတ် ပြည်နယ်ဆိုင်ရာ ကျန်းမာရေးဌာနသို့ ခေါ်ဆိုပါ။
- U.S. Food and Drug Administration ဝဘ်ဆိုက် Drugs@FDA: FDA-Approved Drugs သို့ ဝင်ကြည့်ပါ။
- Centers for Disease Control and Prevention (CDC၊ ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေး ဗဟိုဌာန) သို့ ဆက်သွယ်ပါ-
  - ဖုန်း 1-800-232-4636 (1-800-CDC-INFO) သို့ ခေါ်ဆိုပါ သို့မဟုတ်
  - CDC ဝဘ်ဆိုက် https://www.cdc.gov/rsv/about/prevention.html သို့ ဝင်ရောက်ကြည့်ရှုပါ။

Burmese translation provided by Immunize.org